KHRW
Contact
krhw.721@gmail.com

# "ကြောက်ရွံ့မှုများကြား၌ တိတ်ဆိတ်စွာ ရှင်သန်ရုန်းကန်ခြင်း"
# - ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လူ့အခွင့်အရေးကာကွယ်သူများ၏ အခြေအနေဆိုင်ရာ အစီရင်ခံစာ ထုတ်ပြန်ချက်

ရက်စွဲ။ ။၂၀၂၆ ခုနှစ်၊ သြဂုတ်လ ၂၇ ရက်နေ့

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လူ့အခွင့်အရေးကာကွယ်သူများ (Human Rights Defenders – HRDs) ရင်ဆိုင်နေရသည့် လုံခြုံရေး အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်နိုင်သည့် ပတ်ဝန်းကျင်သည် ပိုမိုဆိုးရွားလာနေ ခြင်းအပေါ် ကချင်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (KHRW) က အထူးစိုးရိမ်ပူပန်လျက်ရှိသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလမှ မေလအတွင်း လူ့အခွင့်အရေးကာကွယ်သူများနှင့် အရပ်ဘက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ် စုစုပေါင်း ၂၅ ဦးအား တွေ့ဆုံမေးမြန်း၍ ပြုစုထားသည့် အစီရင်ခံစာအရ လူ့အခွင့်အရေးကာကွယ်သူများသည် အမြဲတမ်းစောင့်ကြည့်ခံရခြင်း၊ သွားလာခွင့် ကန့်သတ်ခံရခြင်း၊ အကြောင်းမဲ့ဖမ်းဆီးခံရနိုင်သည့် အန္တရာယ်၊ ဒစ်ဂျစ်တယ်စောင့်ကြည့်မှု၊ လူမှုရေးအရ အမည်းစက်တပ်ခံရခြင်းနှင့် ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာဖိစီးမှုများအောက်တွင် လုပ်ငန်းများကို ဆောင်ရွက်နေရကြောင်း တွေ့ရှိရသည်။

အစီရင်ခံစာ၏ တွေ့ရှိချက်များအရ လူ့အခွင့်အရေးကာကွယ်သူများ ရင်ဆိုင်နေရသည့် ခြိမ်းခြောက်မှုများသည် မြန်မာစစ်တပ်တစ်ဖက်တည်းမှသာ ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ လက်နက်ကိုင်အဖွဲ့အစည်းမျိုးစုံ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ပြည်သူ့စစ်အဖွဲ့များ၊ စီးပွားရေး အကျိုးစီးပွားအုပ်စုများနှင့် လူမှုအသိုင်းအဝိုင်းအတွင်း ယုံကြည်မှုကျဆင်းလာခြင်း တို့မှလည်း ဖြစ်ပေါ်လာနေသည်။

ထို့ကြောင့် လူ့အခွင့်အရေးကာကွယ်သူအများအပြားသည် မိမိတို့၏ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် လူသိနည်းသည့်ပုံစံဖြင့် လှုပ်ရှားခြင်း၊ ယုံကြည်စိတ်ချရသော ကွန်ရက်များကို အားကိုးခြင်း၊ ခရီးသွားအစီအစဉ်များကို ပြောင်းလဲခြင်းနှင့် ဒစ်ဂျစ်တယ် လုံခြုံရေးအစီအမံများကို ပိုမိုတင်းကျပ်စွာ အသုံးပြုလာရသည်။ အထူးသဖြင့် အမျိုးသမီး လူ့အခွင့်အရေးကာကွယ်သူများ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်သူများ၊ နေရပ်စွန့်ခွာပြည်သူများနှင့် အခြေခံလူထုအခြေပြုအဖွဲ့အစည်းများသည် ပိုမိုမြင့်မားသော အန္တရာယ်များကို ရင်ဆိုင်နေရသကဲ့သို့ ကာကွယ်မှုရရှိနိုင်မှုမှာလည်း ပိုမိုနည်းပါးလျက်ရှိသည်။

အစီရင်ခံစာတွင် အရေးတကြီးအာရုံစိုက်ရန် လိုအပ်သည့် အခြေအနေသုံးရပ်ကို မီးမောင်းထိုးပြထားသည်။

(၁) ပထမအချက်အနေဖြင့် သွားလာခွင့်ကန့်သတ်မှုများနှင့် စစ်ဆေးရေးဂိတ်များသည် လူမှုအသိုင်းအဝိုင်းများထံ လူသားချင်းစာနာထောက်ထားမှုအကူအညီများ သွားရောက်ပေးနိုင်မှုကို ကန့်သတ်ပြီး ကြောက်ရွံ့မှုကို ပိုမိုမြင့်တက်စေသည်။

(၂) ဒုတိယအချက်အနေဖြင့် ဒစ်ဂျစ်တယ်ဖိနှိပ်မှုများသည် မိမိကိုယ်ကို ဆင်ဆာပြုလုပ်ရသည့် အခြေအနေကို ဖြစ်ပေါ်စေပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရန် ပိုမိုခက်ခဲလာစေသည်။

(၃) တတိယအချက်အနေဖြင့် လူ့အခွင့်အရေးကာကွယ်သူအများအပြားသည် စိတ်ဒဏ်ရာများ၊ စိတ်ပင်ပန်းနွမ်းနယ်မှုများနှင့် ဖမ်းဆီးခံရမည် သို့မဟုတ် ထပ်မံဖမ်းဆီးခံရမည်ကို စိုးရိမ်ကြောက်ရွံ့မှုများဖြင့် နေထိုင်နေရသည်။ ထို့အပြင် နေရပ်စွန့်ခွာရခြင်း၊ စီးပွားရေးအခက်အခဲများနှင့် အရပ်ဘက်လူမှုအသိုင်းအဝိုင်း၏ လှုပ်ရှားခွင့် ကျဉ်းမြောင်းလာခြင်းတို့ကလည်း ယင်းအခက်အခဲများကို ပိုမိုဆိုးရွားစေလျက်ရှိသည်။

KHRW အနေဖြင့် အလှူရှင်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (INGOs) နှင့် သံရုံးများအား မြန်မာနိုင်ငံအတွင်း ဆက်လက်လုပ်ကိုင်နေသော လူ့အခွင့်အရေးကာကွယ်သူများအတွက် ရေရှည်တည်တံ့ပြီး လိုက်လျောညီထွေရှိသော ဒေသအခြေပြု ကာကွယ်ရေးအထောက်အပံ့များ ပေးအပ်ရန် တိုက်တွန်းတောင်းဆိုသည်။

ဦးစားပေးပံ့ပိုးမှုများတွင် အရေးပေါ်နေရာရွှေ့ပြောင်းရေးအကူအညီ၊ လုံခြုံစိတ်ချရသော နေရာများ (Safe Houses)၊ ဥပဒေရေးရာအကူအညီ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ကျန်းမာရေး ဝန်ဆောင်မှုများ၊ ဒစ်ဂျစ်တယ်နှင့် ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးသင်တန်းများ၊ အသက်မွေးဝမ်းကျောင်း အထောက်အပံ့များနှင့် မိသားစုဝင်များအပါအဝင် ကာကွယ်ရေးအစီအစဉ်များ ပါဝင်သင့်သည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လူ့အခွင့်အရေးကာကွယ်သူများသည် ကြီးမားသော အန္တရာယ်များကြားမှပင် မိမိတို့၏ လူမှုအသိုင်းအဝိုင်းများအတွက် ကာကွယ်စောင့်ရှောက်မှု၊ အမှန်တရားဖော်ထုတ်မှုနှင့် တာဝန်ခံမှုရှိစေရေးတို့အတွက် ဆက်လက်လုပ်ဆောင်နေကြဆဲဖြစ်သည်။

ထို့ကြောင့် KHRW အနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးအနေဖြင့် လူ့အခွင့်အရေးကာကွယ်သူများ ရင်ဆိုင်နေရသည့် အဆိုပါအန္တရာယ်များကို အသိအမှတ်ပြုပြီး ပိုမိုခိုင်မာ၍ ရေရှည်တည်တံ့သော ကာကွယ်ရေးအစီအမံများ ပံ့ပိုးပေးကာ ရှေ့တန်းမှ လူ့အခွင့်အရေး လုပ်ငန်းများကို လုံခြုံစွာ ဆက်လက်ဆောင်ရွက်နိုင်စေရန် အလေးအနက်တောင်းဆိုအပ်သည်။

**ဆက်သွယ်ရန်**

ဆိုင်းမိုင် - khrw.721@gmail.com